# အတိရိတ်ဝိနည်းကံပြုပုံ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဝါရိတ်သင့်၍ အတိရိတ်ဝိနည်းကံ ပြုပုံကိုပြခြင်း။

ပဝါရိတ်သင့်၍၊ အတိရိတ် ဝိနည်းကံ ပြုသော အရာဋ္ဌာန၊ များစွာသော ဒါယကာ, များစွာသော ဆရာ၊ ဆုံးဖြတ်သောနည်း၊ တပေါင်းတည်းတူ၏။ အဘယ်သို့ တူသနည်း။ ကပ်ပြီးသော အပ်သော ခဲဘွယ်ဘောဇဥ်လည်း ဖြစ်စေ၊ အကပ်ခံသော ခဲဘွယ်ဘောဇဥ်လည်း ဖြစ်စေ၊ ဝိနည်းဓိုရ်သို့ ကြွချီစောင်းငဲ့ ညွှတ်သော ခဲဘွယ်ဘောဇဥ်လည်း ဖြစ်စေ၊ ထိုခဲဘွယ်ဘောဇဥ်ကို ပဝါရိတ်သင့်သော ရဟန်း၏ ဟတ္ထပါသ်၌ ဝိနည်းဓိုရ်တည်သဖြင့်၊ ပဝါရိတ်သင့်သော ရဟန်းက၊ အတိရိတ္တံ ကရောထ ဘန္တေ-ဟု နှုတ်ဖြင့် မြွက်ဆိုအပ်၏။ ဘွမ်းစားစဉ် ပဝါရိတ် မသင့်မူကား၊ ဝိနည်းဓိုရ် ရဟန်းက နေရာမှ မထတဲ၊ အတိရိတ္တံ ကရောထ ဘန္တေ-ဟု နှုတ်ဖြင့် မြွက်ဆိုအပ်သော ခဲဘွယ်ဘောဇဥ်ကို၊ တလုံးမျှသော ဘွမ်း၊ တမျှင်သော အမဲကို စား၍, ခဲ၍၊ အလမေတံ သဗ္ဗံ-ဟု နှုတ်ဖြင့် မြွက်ဆိုအပ်၏။ ဤသို့ ဆုံးဖြတ်သောနည်း တပေါင်းတည်းတူ၏။ ဤလည်း တဋ္ဌာန၊ ဝိနည်းကံ ၆-ပါးဖြင့်သာ ပြု၏၊ ၇-ပါး မပြု။

ကပ်ပြီးသော ခဲဘွယ်ဘောဇဥ်လည်း ဖြစ်စေ၊ အကပ်ခံသော ခဲဘွယ်ဘောဇဥ်လည်း ဖြစ်စေ၊ ဝိနည်းဓိုရ်သို့ ကြွချီစောင်းငဲ့ ညွှတ်သော ခဲဘွယ်ဘောဇဥ်လည်း ဖြစ်စေ၊ ထိုခဲဘွယ်ဘောဇဥ်ကို၊ ပဝါရိတ် သင့်သော ရဟန်း၏ ဟတ္ထပါသ်၌ ဝိနည်း ဓိုရ်တည်သဖြင့်၊ ပဝါရိတ် သင့်သော ရဟန်းက၊ အတိရိတ္တံ ကရောထ ဘန္တေ-ဟု နှုတ်ဖြင့် မြွက်ဆိုအပ်၏။ ဘွမ်းစားစဉ် ပဝါရိတ် သင့်မူကား၊ ဝိနည်း ဓိုရ် ရဟန်းက နေရာမှ မထတဲ၊ အတိရိတ္တံ ကရောထ ဘန္တေ-ဟု

နှုတ်ဖြင့် မြွက်ဆိုအပ်သော ခဲဘွယ်ဘောဇဉ်ကို၊ အလမေတံ သဗ္ဗံ-ဟု နှုတ်ဖြင့် မြွက်ဆိုအပ်၏။ ဤလည်း တဥ္ဌာန၊ ဝိနည်းကံ ၆-ပါးဖြင့်သာ ပြု၏၊ ချွန်းပါးမပြု။ မပြုသောကြောင့်၊ ကပ္ပိယ ကတာဒိဟိ သတ္တဟိ ဝိနယ ကမ္မာကာရေတိ-ဟူသော အဋ္ဌကထာနှင့် မညီ၊ အတိရိတ္တံ ကရောထ ဘန္တေ-ဟု ဝိနည်းကံတခု အင်္ဂါပြုသောကြောင့်၊ ညီညွတ်ပါ၏ဟု ဆိုသော်လည်း၊ အတိရိတ္တံ ကရောထ ဘန္တေ-ဟူသောပုဒ် ဘုရားဟော မဟုတ် နှုတ်ပယ်ရချေမည်။

ဤသာ မဟုတ်သေး၊ ဒရုးဌာန၌ ဆွမ်းစားစဉ်၊ ပဝါရိတ် မသင့်ပုံကား၊ ဝိနည်းဓိုရ် ရဟန်းက၊ အတိရိတ္တံ ကရောထ ဘန္တေ-ဟု နှုတ်ဖြင့် မြွက်ဆိုအပ်သော ခဲဘွယ်ဘောဇဉ်ကို၊ တလုံးမျှသော ဆွမ်း၊ တမျှင်မျှသော အမဲကိုစား၍၊ ခဲ၍ဟူသော ဤစကားသည်၊ ယေနပန ကပ္ပိယံ ကတံ၊ တဿ န ဝဋ္ဋတိ-ဟူသော အဋ္ဌကထာနှင့် မညီ။ မညီပုံကား၊ အကြွင်အတိရိတ် ဝိနည်းကံပြုသော ခဲဘွယ်ဘောဇဉ်ကို၊ အကြွင်ဝိနည်းဓိုရ် ရဟန်း အပ်အောင်ပြု၏။ ထိုအတိရိတ် ဝိနည်းကံပြုသော ခဲဘွယ်ဘောဇဉ်ကို၊ ထိုအပ်အောင်ပြုသော ဝိနည်းဓိုရ် ရဟန်းအား မစားအပ် ဟူလိုသည်။ ဤသာ မဟုတ်သေး၊ နောက်ဌာန၌ ဆွမ်းစားစဉ်၊ ပဝါရိတ်သင့်မှုကား၊ ဝိနည်းဓိုရ်ရဟန်းက နေရာမှ မထဘဲ၊ အတိရိတ္တံ ကရောထ ဘန္တေ-ဟု နှုတ်ဖြင့် မြွက်ဆိုအပ်သော ခဲဘွယ်ဘောဇဉ်ကို၊ အလမေတံ သဗ္ဗံ-ဟု နှုတ်ဖြင့် မြွက်ဆိုအပ်၏၊ ဟူသော ဤစကားသည်ကား၊ မုဒုကောပန ယာဝ အာသနာ န ဝုဋ္ဌာတိ တာဝ ဘုဥ္ဇတိ-ဟူသော၊ ဝိသုဒ္ဓိမဂ်နှင့်မညီ။ မညီပုံကား၊ ခလုပစ္ဆာဘတ်ဓုတင် ဆောက်တည်သော၊ မုဒုဖြစ်သော ယောဂီ ရဟန်း၊ ပဝါရိတ်သင့်လျက် ဣရိယာပုထ် မပျက်သောကြောင့်၊ အကြွင်မျှလောက်နေရာမှမထသေး၊ ထိုမျှလောက် စား၏၊ အပ်အောင်လည်း ပြု၏၊ အတိရိတ် ဝိနည်းကံကိုလည်း မပြု ဟူလိုသည်။

အဓိပ္ပါယ်ကား၊ ခလုပစ္ဆာ ဘတ်ဓုတင် ဆောက်တည်သော မုဒုဖြစ်သော ယောဂီ ရဟန်း၊ ပဝါရိတ်သင့်လျက် ဣရိယာပုထ်မပျက်သောကြောင့်၊ အကြွင်မျှလောက် နေရာမှ မထသေး၊ ထိုမျှလောက် စား

ရာတွင်၊ ပဝါရိတ်သင့်လျက် ဆွမ်းရှိသော ပုထ်ပျက်သောကြောင့်၊ နောက်ထပ် တဖန် စားပြန်လိုသော ရဟန်းက၊ အလမေတံ သဗ္ဗံ-ဟု နှုတ်ဖြင့် မြွက်ဆို၍၊ အတိရိတ် ဝိနည်းကံပြုသော ခဲဘွယ်ဘောဇဉ်ကို၊ အပ်အောင်သာပြု၏။ အတိရိတ် ဝိနည်းကံ ပြုသည် မဟုတ်။ အပ်အောင်ပြုသည်ကိုလည်း၊ ယေန ပန ကပ္ပိယံ ကတံ-ဟူသော အဋ္ဌကထာဖြင့်ပြ၏၊ အတိရိတ် ဝိနည်းကံပြုသည်ကို ပြသည်မဟုတ်။

ဤသို့ ပဝါရိတ်သင့်၍ အတိရိတ် ဝိနည်းကံပြုသော အရာ ဌာန၊ များစွာသော ဋီကာ, များစွာသောဆရာ၊ ဆုံးဖြတ်သောနည်း တပေါင်းတည်းတူ၏။ တူသော်လည်း အယူချွတ်၏၊ မညီညွတ်။ အဋ္ဌကထာနည်းသည်ကား ညီညွတ်၏။ ညီညွတ်သော အဋ္ဌကထာနည်းကိုသာ ဆိုပေအံ့သတည်း။

> အပိစေတ္ထ ဘုတ္တာဝိနာ ကတံ ဟောတီတိ၊ အနန္တရေ နိသိန္နဿ သဘာဂဿ ဘိက္ခုနော ပတ္တတော ကေမ္ပိ ဘတ္တသိတ္ထံ ဝါ မံသဟီရံ ဝါ ခါဒိတွာ ကတမ္ပိ ဘုတ္တာဝိနာ ကတံ ဟောတီတိ ဝေဒိတဗ္ဗံ။ ။

ဘုတ္တာဝိနာ၊ စားလိုသော ရဟန်းသည်။ အတိရိတ္တံ၊ အတိရိတ်ဝိနည်းကံကို။ ကတံ၊ ပြုအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ ဧတ္ထ-ဣမသ္မိံ ဝစနေ၊ ဤစကားရပ်၌။ အပိစ ကထံ၊ အဘယ်သို့လျှင်။ ဝေဒိတဗ္ဗံ၊ သိအပ်သနည်း။ အနန္တရေ၊ အခြားမရှိသော၊ အာသနေ၊ နေရာ၌။ နိသိန္နဿ၊ နေသော။ သဘာဂဿ ဘိက္ခုနော၊ သဘောတူသော ရဟန်း၏၊ ပတ္တတော၊ သပိတ်မှ။ ကေမ္ပိ ဘတ္တ သိတ္ထံ ဝါ၊ တလုံးမျှသော ဆွမ်းကိုသော်၎င်း။ ကေမ္ပိ မံသဟီရံ ဝါ၊ တမျှင်မျှသော အမဲကိုသော်၎င်း။ ခါဒိတွာ၊ စားလိုခဲလိုသည် ဖြစ်၍။ တံ၊ ထိုစားလို, ခဲလိုသော တလုံးမျှသော ဆွမ်း၊ တမျှင်မျှသော အမဲကို။ အတိရိတ္တံ၊ အတိရိတ် ဝိနည်းကံကို။ ကတမ္ပိ၊ ပြုအပ်သော်လည်း။ ဘုတ္တာဝိနာဝ၊ စားလိုသော ရဟန်းသည်သာလျှင်။ အတိရိတ္တံ၊ အတိရိတ် ဝိနည်းကံကို။ ကတံ၊ ပြုအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။

အဓိပ္ပါယ်ကား။ ပဝါရိတ်သင့်လျက် ဣရိယာပုထ်ပျက်မှ ရသော ခဲဘွယ်ဘောဇဉ်ကို၊ အတိရိတ်ဝိနည်းကံ ပြုအပ်သော်လည်း၊ စားလိုသောရဟန်းကသာ၊ အတိရိတ်ဝိနည်းကံကို ပြုအပ်၏။ မစားလိုသောရဟန်းက၊ အတိရိတ်ဝိနည်းကံကို မပြုအပ်ဟူလိုသည်။

**အာသနာ အဝုဋ္ဌိတေနာတိ ဧတ္ထပန အသံမောဟတ္ထံ အယံ ဝိနိစ္ဆယော။**

အာသနာ အဝုဋ္ဌိတေနာတိ ဧတ္ထပန ဝစနေ၊ အာသနာ အဝုဋ္ဌိတေန- ဟူသော ဤစကား၌သော်ကား။ အသံမောဟတ္ထံ၊ မတွေဝေစေခြင်း အကျိုးငှာ ။အယံ၊ ဤဆိုလတံ့သည့်ကား။ဝိနိစ္ဆယော၊ အဆုံးအဖြတ်တည်း။

## ပါဠိဆုံးဖြတ်ပုံ

ဒွေဘိက္ခူ ပါတောဝ ဘုဥ္ဇမာနာ ပဝါရိတာ ဟောန္တိ၊ ဧကော တတ္ထေဝ နိသီဒတိ။ ဣတရော နိစ္စဘတ္တံ ဝါ သလာကဘတ္တံ ဝါ အာနေတွာ ဥပဍ္ဎံ တဿ ဘိက္ခုနော ပတ္တေ အာကိရိတွာ ဟတ္ထံ ဓောဝိတွာ သေသံ တေန ဘိက္ခုနာ ကပ္ပိယံ ကာရာပေတွာ ဘုဥ္ဇိတဗ္ဗံ။

ဒွေဘိက္ခူ၊ နှစ်ယောက်သောရဟန်းတို့သည်။ ပါတောဝ၊ စောစောကပင်လျှင်။ ဘုဥ္ဇမာနာ၊ ဆွမ်းစားကြကုန်သည်ရှိသော်။ ပဝါရိတာ၊ ပဝါရိတ်သင့်ကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကြကုန်၏။ ဧကော၊ တယောက်သောရဟန်းသည်ကား။ တတ္ထေဝ၊ ထိုပဝါရိတ်သင့်သောနေရာ၌သာလျှင်။ နိသီဒတိ၊ နေ၏။ ဣတရော၊ တယောက်သောရဟန်းသည်ကား။နိစ္စဘတ္တံ ဝါ၊နိစ္စဘတ်ဆွမ်းဝတ်ကိုသော်၎င်း။ သလာကဘတ္တံ ဝါ၊ သလာကဘတ်ဆွမ်းဝတ်ကိုသော်၎င်း။ အာနေတွာ၊ ယူဆောင်ခဲ့၍။ဥပဍ္ဎံ၊ ထက်ဝက်သောဆွမ်းကို။ တဿ ဘိက္ခုနော၊ထိုနေလင့်သောရဟန်း၏။ပတ္တေ၊သပိတ်၌။အာကိရိတွာ၊လောင်း၍။ ဟတ္ထံ၊ လက်ကို။ ဓောဝိတွာ၊ ဆေး၍။ သေသံ၊ ကြွင်းသောဆွမ်း

ထက်ဝက်ကို၊ တေန ဘိက္ခုနာ၊ ထိုနေလင့်သောရဟန်းကို၊ ကပ္ပိယံ၊ အပ်အောင်၊ ကာရာပေတွာ၊ ပြုစေ၍၊ ဘုဥ္ဇိတဗ္ဗံ၊ စားအပ်၏။

အဓိပ္ပါယ်ကား။ ရဟန်းနှစ်ပါး စောစောဆွမ်းစား၍ ပဝါရိတ်သင့်၏။ တယောက်သောရဟန်းက ပဝါရိတ်သင့်သောနေရာ၌ နေလင့်အပ်၏။ တယောက်သောရဟန်းက ဆွမ်းကိုယူဆောင်ခဲ့၍၊ ထက်ဝက်သောဆွမ်းကို၊ ထိုနေလင့်သောရဟန်း၏သပိတ်၌လောင်း၍ယူသော ဤစကားသည်ကား၊ ယာဝ အာသနာ နုဋ္ဌာတိ၊ တာဝ ဘုဥ္ဇတိ။-ဟူသည်နှင့်အညီ၊ ပဝါရိတ်သင့်လျက် ဣရိယာပုထ်မပျက်သောကြောင့်၊ အကြွင်းမှုလောက်နေရာမှ မထသေး၊ ထိုမှုလောက်စား၏။-ဟူသော အင်္ဂါကိုသာပြ၏။ အတိရိတ်ဝိနည်းကံပြုသော အင်္ဂါကို ပြသည်လည်း မဟုတ်၊ အပ်အောင်ပြုသောအင်္ဂါကို ပြသည်လည်းမဟုတ်။ အဓိပ္ပါယ်ကို လိုရင်းထုတ်သော်ကား၊ ပဝါရိတ်သင့်သောရဟန်း ဣရိယာပုထ်မပျက်က၊ အကြွင်းမှုလောက်နေရာမှ မထသေး၊ ထိုမှုလောက်စား၏၊ စားခြင်းကြောင့်၊ အနတိရိတ္တဘောဇန အာပတ်မသင့်ဟူလိုသည်။

လက်ကိုဆေး၍ ကြွင်းသောဆွမ်းထက်ဝက်ကို၊ ထိုနေလင့်သော ရဟန်းကို အပ်အောင်ပြုစေ၍၊ စားအပ်၏-ဟူသော ဤစကားသည်ကား၊ အတိရိတ်ဝိနည်းကံပြုသော အင်္ဂါကိုပြသည်လည်း တရပ်၊ အပ်အောင်ပြုသော အင်္ဂါကိုပြသည်လည်းတရပ်။ ထို ၂-ရပ်တို့တွင်၊ အတိရိတ် ဝိနည်းကံပြုသောအင်္ဂါကို ပြသည့်လည်းတရပ်ဟူသော ဤစကားဖြင့်၊ ပဝါရိတ်သင့်လျက် ဣရိယာပုထ်ပျက်သောကြောင့် ကြွင်းသောဆွမ်း ထက်ဝက်ကို၊ နောက်ထပ်တဖန် စားလိုပြန်သော ရဟန်းတပါးက၊ အလမေတံ သဗ္ဗံ-ဟု နှုတ်ဖြင့် မြွက်ဆို၍၊ အတိရိတ်ဝိနည်းကံပြုသော အင်္ဂါကိုသာ ပြ၏။ အပ်အောင်ပြုသော အင်္ဂါကို ပြသည်မဟုတ်။ ပဝါရိတ်သင့်သော နေရာ၌၊ နေလင့်သော ထိုရဟန်း တပါးက၊ အလမေတံ သဗ္ဗံ-ဟု နှုတ်မြွက်ဆို၍၊ အတိရိတ် ဝိနည်းကံပြုသော ခဲဘွယ်ဘောဇဉ်ကို။ မယှံ သန္တကံ ပရိဘုဥ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကာရေဟိ-ဟုနှုတ်ဖြင့် မြွက်ဆို၍ အပ်အောင်ပြုသော အင်္ဂါကိုသာပြ၏။ အတိရိတ် ဝိနည်းကံပြုသော အင်္ဂါကိုပြသည်

မဟုတ်။ အတိရိတ် ဝိနည်းကံ ပြုခြင်းသည်ကား၊ ဝိကပ္ပနာပြုသည်နှင့် အလားတူ၏။ အပ်အောင် ပြုခြင်းသည်ကား၊ ပစ္စုဒ္ဓိရ၏ ပြုသည်နှင့် အလားတူ၏။ ထို့ကြောင့်၊ ဝိနည်းကံ ခုနှစ်ပါးတို့ဖြင့်၊ ပဝါရိတ် သင့်သောရဟန်းက၊ အလမေတံ သဗ္ဗံ-ဟု နှုတ်ဖြင့်မြွက်ဆိုအပ် သော ခဲဖွယ်ဘောဇဉ်ကို၊ ဝိနည်းဓိုရ်၏ ရဟန်းက၊ မယှံ သန္တကံ ပရိဘုဥ္ဇ ဝါ ဝိသဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ-ဟု နှုတ်ဖြင့် မြွက်ဆို၍ အပ်အောင်ပြု၏။ အပ်အောင်ပြုခြင်းကြောင့်၊ ဝိနည်းကံ ၇-ပါးသို့ ပါဝင်သည်လည်း မဟုတ်၊ ပါဝင်၏ဟု၊ ဘုရားဟော ရှိသည်လည်းမဟုတ်။ ဝိနည်းကံ ၇-ပါးမှ တပါး၊ အသီးအခြား ဘုရားဟောနှုတ်ထွက်၊ မယှံ သန္တကံ ပရိဘုဥ္ဇ ဝါ ဝိသဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ-ဟု ဟောကြားလျက် ရှိချေသည်။

ဗုဒ္ဓါဝိနာ ပဝါရိတေန အာသနာ အဝုဋ္ဌိတေန ကတံ ဟောတိ။

ဗုဒ္ဓါဝိနာ၊ ဆွမ်းစားစဉ်။ ပဝါရိတေန၊ ပဝါရိတ်သင့်သော ရဟန်းသည်။ အာသနာ၊ နေရာမှ။ အဝုဋ္ဌိတေန၊ မထဘဲ။ ကတံ၊ ပြုအပ်သည်။ ဟောတိ၊ ဖြစ်၏။ ။ဤအနက်ကို၊ ရဟန်း ၂-ပါး စောစောက ဆွမ်းစား၍၊ ပဝါရိတ်သင့်၏ ဟူသော ထိုစကားဖြင့် ပြဆိုအပ်ပြီ။ ဗုဒ္ဓါဝိနာ ပဝါရိတေန အာသနာ အဝုဋ္ဌိတေန ကတံ ဟောတိ၊ ဗုဒ္ဓါဝိနာ၊ ဆွမ်းစားစဉ်၊ ပဝါရိတေန၊ ပဝါရိတ် သင့်သော ရဟန်းသည်၊ အာသနာ၊ နောက်ထပ်တဖန် စားလိုပြန်သော နေရာမှ။ အဝုဋ္ဌိတေန၊ မထလိုသဖြင့်။ ကတံ၊ ပြုအပ်သည်။ ဟောတိ၊ ဖြစ်၏။ ။ဤအနက်ကို၊ မင်္ဂလာပင့်ဖိတ်သော နေရာဖြင့် ပြဆို၏။ အဋ္ဌကထာကိုကြည့်။ ပြဆိုပုံကား။-

သစေပိ ပဝါရေတွာ ပိဏ္ဍာယ ပဝိဋ္ဌံ ဘိက္ခုံ ပတ္တံဂဟေတွာ အာဝသထံ ဘုဥ္ဇနကေ မင်္ဂလ နိမန္တနေ နိသီဒါပေန္တိ၊ အတိရိတ္တံ ကာရေတွာဝ ဘုဥ္ဇိတဗ္ဗံ။-ဟူသည်တည်း။

အနက်ကား။ ပဝါရေတွာ၊ ပဝါရိတ်သင့်၍။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ ပဝိဋ္ဌံ၊ ဝင်သော။ ဘိက္ခုံ၊ ရဟန်းကို။ ပတ္တံ၊ သပိတ်ကို။

ဂဟေတွာ၊ ယူ၍၊ အဝသံ၊ မချွတ်၊ ဘုဥ္ဇနကော၊ စားရလတံ့သော၊ မင်္ဂလနိမန္တနေ၊ မင်္ဂလာ-ပင့်ဖိတ်ရာ၌၊ သစေပိ နိသိဒါပေန္တိ၊ အကယ်၍လည်း ထိုင်စေသည်ဖြစ်ကုန်အံ့။ အတိရိတ္တံ၊ အတိရိတ်ဝိနည်းကံကို၊ ကာရေတွာဝ၊ ပြုစေ၍သာလျှင်၊ ဘုဉ္ဇိတဗ္ဗံ၊ စားအပ်၏။ ။ ဤကားအနက်။

အဓိပ္ပါယ်ကား၊ ပဝါရိတ်သင့်လျက် ဣရိယာပုထ်ပျက်မှ ရသော ခဲဖွယ်ဘောဇဉ်ကို၊ နောက်ထပ်တဖန် စားလိုပြန်သော်၊ နေရာမှ မထလိုသောရဟန်းကသော်၊ အတိရိတ်ဝိနည်းကံပြု၍ စားအပ်၏၊ ထလိုသောရဟန်းက အတိရိတ်ဝိနည်းကံကိုပြု၍ မစားအပ်ဟုလို၊ အကြွင်းစကားကို၊ အဋ္ဌကထာ ဆိုတိုင်းမှတ်၊ ဤအဋ္ဌကထာနည်းသည်ကား ညီညွတ်၏၊ ညီညွတ်သော အဋ္ဌကထာနည်းဖြင့်၊ အနတိရိတ္တကိုလည်း သိနိုင်ကြရမည်။ အတိရိတ္တကိုလည်း သိနိုင်ကြရမည်၊

သိနိုင်ကြပုံကား။ အကပ္ပိယ ကတံ၊ မကပ္ပိတဲ့ ပြုအပ်သည်၊ ဟောတိ၊ ဖြစ်၏။ အပဋိဂ္ဂဟိတ ကတံ၊ အကပ်မခံတဲ့ ပြုအပ်သည်။ ဟောတိ၊ ဖြစ်၏၊ အနုစ္စာရိတ ကတံ၊ မကြွမချီတဲ့ ပြုအပ်သည်။ ဟောတိ၊ ဖြစ်၏။ အဟတ္ထပါသေ၊ ဟတ္ထပါသ်၏အပ၌၊ ဌိတေန၊ တည်သဖြင့်။ ကတံ၊ ပြုအပ်သည်။ ဟောတိ၊ ဖြစ်၏၊ အဘုတ္တာဝိနာ၊ မစားလိုသောရဟန်းသည်၊ ကတံ၊ ပြုအပ်သည်။ ဟောတိ၊ ဖြစ်၏၊ ဘုတ္တာဝိနာ၊ ဆွမ်းစားစဉ်၊ ပဝါရိတေန၊ ပဝါရိတ်သင့်သောရဟန်းသည်၊ အာသနာ၊ နေရာမှ၊ ဝုဋ္ဌိတေန၊ ထလာသဖြင့်၊ ကတံ၊ ပြုအပ်သည်၊ ဟောတိ၊ ဖြစ်၏၊ အလမေတံ သဗ္ဗံ၊ တံသဗ္ဗံ၊ ဤအလုံးစုံသည်။ အလံ၊ တန်ပြီ၊ ဣတိ၊ ဤသို့၊ အဝုတ္တံ၊ နှုတ်ဖြင့်မမြွက်ဆိုအပ်သည်၊ ဟောတိ၊ ဖြစ်၏။ ဤအနက်ဖြင့်၊ အနတိရိတ္တကို သိနိုင်ကြရမည်၊

ကပ္ပိယ ကတံ၊ ကပ္ပိ၍ပြုအပ်သည်၊ ဟောတိ၊ ဖြစ်၏၊ ပဋိဂ္ဂဟိတ ကတံ၊ အကပ်ခံ၍ပြုအပ်သည်၊ ဟောတိ၊ ဖြစ်၏၊ ဥစ္စာရိတ ကတံ၊ ကြွချီ၍ပြုအပ်သည်။ ဟောတိ၊ ဖြစ်၏၊ ဟတ္ထပါသေ၊ ဟတ္ထပါသ်၌၊ ဌိတေန၊ တည်သဖြင့်၊ ကတံ၊ ပြုအပ်သည်၊ ဟောတိ၊ ဖြစ်၏၊ ဘုတ္တာ

ဝိနာ၊ စားလိုသောရဟန်းသည်။ ကတံ၊ ပြုအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဘုတ္တာဝိနာ၊ ဘုဉ်းစားစဉ်။ ပဝါရိတေန၊ ပဝါရိတ်သင့်သော ရဟန်းသည်၊ အာသနာ၊ နေရာမှ။ အဝုဋ္ဌိတေန၊ မထလိုသဖြင့်။ ကတံ၊ ပြုအပ်သည်၊ ဟောတိ၊ ဖြစ်၏။ အလမေတံ သဗ္ဗံ။ တံ သဗ္ဗံ၊ ဤအလုံးစုံသည်။ အလံ၊ တန်ပြီ၊ ဣတိ၊ ဤသို့။ ဝုတ္တံ၊ နှုတ်ဖြင့်မြွက်ဆိုအပ်သည်၊ ဟောတိ၊ ဖြစ်၏။ ဤအနက်ဖြင့်၊ အတိရိတ္တကို သိနိုင်ကြရမည်။ ဤသို့ပင် သိနိုင်ကြသော်လည်း၊ အနတိရိတ္တသဘောကို သိနိုင်ကြမှ၊ အတိရိတ္တသဘောကို သိနိုင်ကြမည်။

သိနိုင်ကြပုံကား။ တသ္မာ ဧဝံ ပဝါရိတော ပဉ္စမပိဏ္ဍံ အဇ္ဈောဟရိတွာ ဒုတိယပိဏ္ဍံ နာဇ္ဈောဟရတိ၊ မဇ္ဈိမော ယတ္ထိ ဘောဇနေ ပဝါရိတော၊ တဒေဝ ဘုဉ္ဇတိ။ မုဒုကောပန ယာဝ အာသနာ နဝုဋ္ဌာတိ၊ တာဝ ဘုဉ္ဇတိ။-ဟူသော ပါဠိ၏အနက်ဖြင့်၊ ခလုပဏ္ဍာဂုတင် ဆောက်တည်သော ယောဂီရဟန်း ပဝါရိတ်သင့်လျှင်၊ အတိရိတ်ဝိနည်းကံကိုမပြု၊ အတိရိတ်ဝိနည်းကံကိုမပြုခြင်းကြောင့် မစား၊ မစားခြင်းကြောင့်၊ အနတိရိတ္တဘောဇနအာပတ်မှလွတ်၏ဟူလို-ဟူသော အနတိရိတ္တသဘောကို သိနိုင်ကြမှ၊ အဘုတ္တာဝိနာ ကတံ ဟောတိ။ ဘုတ္တာဝိနာ ပဝါရိတေန အာသနာ ဝုဋ္ဌိတေန ကတံ ဟောတိ။ ဟူသော ပါဠိ၏အနက်ဖြင့်၊ ပဝါရိတ်သင့်လျက် ဣရိယာပုထ်ပျက်သောကြောင့်၊ နောက်ထပ်တဖန် မစားလိုပြန်သော နေရာမှထလိုသောရဟန်းက၊ မစားလိုသော ခဲဘွယ်ဘောဇဉ်ကို၊ အတိရိတ်ဝိနည်းကံကို ပြု၏ဟူသော၊ အနတိရိတ္တသဘောကို သိနိုင်ကြမှ ဘုတ္တာဝိနာ ကတံ ဟောတိ။ ဘုတ္တာဝိနာ ပဝါရိတေန အာသနာ ဝုဋ္ဌိတေန ကတံ ဟောတိ-ဟူသောပါဠိ၏အနက်ဖြင့်၊ ပဝါရိတ်သင့်လျက် ဣရိယာပုထ်ပျက်သောကြောင့်၊ နောက်ထပ်တဖန် စားလိုပြန်သော နေရာမှမထလိုသောရဟန်းက၊ စားလိုသော ခဲဘွယ်ဘောဇဉ်ကို၊ အတိရိတ်ဝိနည်းကံ ပြု၏ဟူသော၊ အတိရိတ္တသဘောကို သိနိုင်ကြမည်။ ဤသို့ပြဆိုသမျှ မသိနိုင်ကြဘဲ၊ အယူအဆချွတ် မညီညွတ်ပါက၊ အတိရိတ်ဝိနည်းကံ ပြု၍ စားရုံမျှနှင့် အာပတ်မှလွတ်ကြမည်မဟုတ်။

အာပတ်မှလွတ်အောင် အတိရိတ်ဝိနည်းကံ ပြုပုံကား၊ ကပ်ပြီးသော အစ်သော ခဲဘွယ်ဘောဇဉ်လည်းဖြစ်စေ၊ အကပ်ခံသောခဲဘွယ်ဘောဇဉ်လည်းဖြစ်စေ၊ ဝိနည်းရဟိရ်သို့ ကြွချိစေဝင်းငံ့ ညွတ်သောခဲဘွယ် ဘောဇဉ်လည်းဖြစ်စေ၊ ထိုခဲဘွယ်ဘောဇဉ်ကို ဝိနည်းရဟိရ်ရဟန်း၏ ဟတ္ထပါသ်၌တည်သဖြင့်၊ စားလိုသောစိတ် နောက်ထပ်တဖန် စားလိုပြန်သောနေရာမှ မထလိုသောစိတ်ဖြင့်၊ ပဝါရိတ်သင့်သောရဟန်းက၊ အလမေတံ သဗ္ဗံ၊-ဤသို့ နှုတ်ဖြင့်မြွက်ဆိုအပ်၏။ ဝိနည်းရဟိရ်ရဟန်းက၊ မယှံ သန္တကံ ပရိဘုဉ္ဇဝါ ဝိဿဇ္ဇေဟိဝါ ယထာပစ္စယံ ကရောဟိ၊ ဤသို့နှုတ်ဖြင့်မြွက်ဆိုအပ်၏။ ဤကား အာပတ်မှလွတ်အောင် အတိရိတ်ဝိနည်းကံ ပြုပုံတည်း။

ကပ်ပြီးသော အစ်သော ခဲဘွယ်ဘောဇဉ်လည်းဖြစ်စေ-ဟူသော ဤစကားသည်ကား၊ ကပ္ပိယကတံ ဟောတိ-ဟူသော ဝိနည်းကံ တပါး၊ အကပ်ခံသော ခဲဘွယ်ဘောဇဉ်လည်းဖြစ်စေဟူသော ဤစကားသည်ကား၊ အပဋိဂ္ဂဟိတကတံ ဟောတိ-ဟူသော ဝိနည်းကံ တပါး၊ ဝိနည်းရဟိရ်သို့ ကြွချိ စေဝင်းငံ့ ညွတ်သော ခဲဘွယ်ဘောဇဉ်လည်းဖြစ်စေဟူသော ဤစကားသည်ကား၊ ဥစ္စာရိတကတံ ဟောတိ-ဟူသော ဝိနည်းကံတပါး၊ ဝိနည်းရဟိရ်၏ ဟတ္ထပါသ်၌ တည်သဖြင့်ဟူသော ဤစကားသည်ကား၊ ဟတ္ထပါသေ ဌိတေန ကတံ ဟောတိ-ဟူသော ဝိနည်းကံ တပါး၊ စားလိုသောစိတ်ဟူသော ဤစကားသည်ကား၊ ဘုတ္တာဝိနာ ကတံ ဟောတိ-ဟူသော ဝိနည်းကံ တပါး၊ နောက်ထပ်တဖန် စားလိုပြန်သော နေရာမှ မထလိုသော စိတ်ဖြင့်-ဟူသော ဤစကားသည်ကား၊ ဘုတ္တာဝိနာ ပဝါရိတေန အာသနာ အဝုဋ္ဌိတေန ကတံ ဟောတိ-ဟူသော ဝိနည်းကံ တပါး၊ အလမေတံ သဗ္ဗံ-ဤသို့ နှုတ်ဖြင့်မြွက်ဆိုအပ်၏ ဟူသော ဤစကားသည်ကား၊ အလမေတံ သဗ္ဗန္တိ ဝုတ္တံ ဟောတိ-ဟူသော ဝိနည်းကံ တပါး၊ ဤသို့ဝိနည်းကံ ၇-ပါးတို့ဖြင့်၊ ပဝါရိတ်သင့်သောရဟန်းက၊ အလမေတံ သဗ္ဗံ-ဟု နှုတ်ဖြင့်မြွက်ဆို၍၊ အတိရိတ်ဝိနည်းကံ ပြုသော ခဲဘွယ်ဘောဇဉ်ကို၊ ဝိနည်းရဟိရ်ရဟန်းက၊ မယှံ သန္တက

ပရိဘုဥ္ဇဝါ ဝိသဇ္ဇေဟိဝါ ယထာပစ္စယံ ကရောဟိ-ဟု နှုတ်ဖြင့်မြွက်ဆို၍၊ အပ်အောင်ပြု၏။ ဝိနည်းခံရှိရဟန်းက အပ်အောင်ပြုမှ ပဝါရိတ်သင့်သောရဟန်းက စား၏၊ အာပတ်မှလွတ်၏ ဟုလိုသည်။

သက္ကရာဇ် ၁၃၀၉-ခုနှစ်
ကဆုန်လပြည့်ကျော် ၃-ရက်နေ့ ၃-နာရီအချိန်တွင်
သထုံမြို့-မင်းကွန်းဇေတဝန်ဆရာတော်
ဆုံးဖြတ်သောနည်း၊ အာပတ်မှလွတ်အောင်
အတိရိတ်ဝိနည်းကံပြုပုံ
ပြီး၏။